NSW Health

ပိုလီယို ကာကွယ်ဆေး

မိဘအတွက်ထုတ်ဝေချက်

ဩစတြေးလျအစိုးရသည် နိုင်ငံတော် ကာကွယ်ဆေးထိုးခြင်းအစီအစဉ် (NIP) အရ ကာကွယ်ဆေး အချို့ကို အခမဲ့ထိုးပေးပါသည်။

မေး။ ပိုလီယိုသည် မည်သည်နည်း။

ပိုလီယိုသည် သွက်ချာပါဒနှင့် သေဆုံးခြင်း ဖြစ်နိုင်သော ဗိုင်းရပ်စ်ရောဂါ ဖြစ်သည်။ ပိုလီယိုရောဂါရှိသူအများစုမှာ ရောဂါလက္ခဏာမပြတတ်ပါ။ ဖြစ်ပွားသူ၁၀% ခန့်တွင် အဖျားတက်ခြင်း၊ ခေါင်းကိုက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ ပျို့အန်ခြင်းနှင့် အော့အန်ခြင်းများ ရှိနိုင်သော်လည်း များသောအားဖြင့် ပြန်ကောင်းလာတတ်ပါသည်။

ဖြစ်ပွားသူ ၂% ခန့်တွင်၊ ထိုဗိုင်းရပ်စ်သည် နောက်ကျော သို့မဟုတ် လည်ပင်းတွင် ပြင်းပြင်းထန်ထန် ကြွက်သားနာကျင်ခြင်းနှင့် တောင့်တင်းခြင်းကို ဖြစ်စေသည်။ ဖြစ်ပွားသူ ၁% အောက်တွင် လက်၊ ခြေထောက်၊ လည်ပင်း သို့မဟုတ် အသက်ရှူကြွက်သားများကို ထိခိုက်စေနိုင်သော သွက်ချာပါဒ ဖြစ်ပေါ်နိုင်ပါသည်။

မေး။ ပိုလီယိုသည် မည်သို့ ပြန့်ပွားပါသလဲ။

ပိုလီယိုသည် ရောဂါရှိသူ၏ မစင် သို့မဟုတ် တံတွေး ပမာဏအနည်းငယ်နှင့် ထိတွေ့ခြင်းမှ တစ်ဆင့် ကူးစက်ပြန့်ပွားပါသည်။ လက်ကို စနစ်တကျ မဆေးပါက ကူးစက်ပြန့်ပွားနိုင်ပါသည်။

ဗိုင်းရပ်စ်သည် နှာခေါင်း သို့မဟုတ် ပါးစပ်မှတဆင့် ဝင်ရောက်ကာ အစာအိမ်သို့ ကူးစက်နိုင်ပြီး သွေးနှင့် အာရုံကြောစနစ်များသို့ ပျံ့နှံ့သွားနိုင်သည်။ ပိုလီယိုဖြစ်သူများသည် ရောဂါလက္ခဏာမပြမီ ၁၀ ရက်မှ ရောဂါလက္ခဏာပြပြီး ၁၀ ရက်အထိ ပြန့်ပွားကူးစက်တတ်ပါသည်။

မေး။ ကာကွယ်ဆေးများက မည်သို့ အလုပ်လုပ်ပါသလဲ။

ကာကွယ်ဆေးများသည် ကိုယ်ခံအားစနစ်မှ ရောဂါပိုးများကို တိုက်ဖျက်ရာတွင် ကူညီပေးသည်။ ကာကွယ်ဆေးထိုးထားသူသည် ထိုဗိုင်းရပ်စ်များနှင့် ထိတွေ့ပါက၊ ၎င်းတို့၏ခန္ဓာကိုယ်သည် ရောဂါကို သက်သာအောင် တိုက်ထုတ်နိုင်သည် သို့မဟုတ် ရောဂါပြင်းထန်ခြင်းကို လျော့နည်းသွားနိုင်သည်။

မေး။ ပိုလီယိုကာကွယ်ဆေးက မည်မျှအထိ ထိရောက်ပါသလဲ။

ပိုလီယိုကာကွယ်ဆေး (၃ ကြိမ်) အပြည့်ထိုးခြင်းသည် ထိုရောဂါကို ကာကွယ်ရန် ၉၉ ရာခိုင်နှုန်းထိရောက်သည်။

မေး။ ကာကွယ်ဆေးကို မည်သူ ထိုးသင့်ပါသလဲ။

ပိုလီယိုကာကွယ်ဆေး ၃ လုံးမထိုးရသေးသော ဆယ်ကျော်သက်အရွယ်များသည် ကာကွယ်ဆေးထိုးသင့်သည်။

မေး။ ကာကွယ်ဆေးကို မည်သူ မထိုးသင့်ပါသလဲ။

အောက်ပါလူများကို ကာကွယ်ဆေးမထိုးပါနှင့်။

- **ယခင်ထိုးနှံစဉ် ပြင်းထန်သော ဓာတ်မတည့်မှု ရှိခဲ့သည်။**
- **ကာကွယ်ဆေးပါပစ္စည်းကို ဓာတ်မတည့်မှု ပြင်းပြင်းထန်ထန် ဖြစ်ခဲ့သည်။**

မေး။ ပြင်းထန်သော ဓာတ်မတည့်မှုဆိုသည်မှာ မည်သည်နည်း။

ပြင်းထန်သော ဓာတ်မတည့်မှုသည် အလွန်ရှားပါးသော်လည်း ဓာတ်မတည့်မှုအပေါ် ပြင်းထန်သောတုံ့ပြန်မှု ဖြစ်ပါသည်။ အမြန်မကုသပါက သတိလစ်ခြင်း၊သေဆုံးခြင်းတို့ ဖြစ်စေနိုင်သည်။ ကာကွယ်ဆေးထိုးပေးသူများသည် ပြင်းထန်သော ဓာတ်မတည့်မှုများကို ကုသရန် လေ့ကျင့်ထားပါသည်။

မေး။ မိမိကလေးတွင် ပိုလီယိုကာကွယ်ဆေးထိုးနှံခြင်း ရှိမရှိ မသိပါက မည်သို့ လုပ်ရမလဲ။

သင့်တွင် မှတ်တမ်းများမရှိပါက သင့်ကလေးအား ကာကွယ်ဆေး ထိုးနှံခြင်းသည် အန္တရာယ် မရှိပါ။

မေး။ ပိုလီယိုကာကွယ်ဆေးတွင် မည်သည်တို့ ပါဝင်ပါသလဲ။

ဤကာကွယ်ဆေးတွင် အောက်ပါတို့ ပမာဏအနည်းငယ် ပါဝင်သည်-

- **ဖီနောက်ဆီအီသနော၊ ဖော်မယ်ဒီဟိုက်နှင့် ပိုလီဆော်ဘိတ် ၈၀**
- **နီယိုမိုင်ဆင်၊ စတရက်တိုမိုင်ဆင်နှင့် ပေါ်လီမိုင်ဆင် ဘီ**
- **နွားသွေးရည်ကြည်မှ အယ်လ်ဘူမင်။**

ဤပစ္စည်းများသည် ကာကွယ်ဆေးအလုပ်လုပ်ရန် သို့မဟုတ် အာနိသင်ရှိစေရန် ကူညီပေးသည်။ ထုတ်လုပ်နေစဉ်အတွင်း ဤကာကွယ်ဆေးသည် နွားထွက်ပစ္စည်းများနှင့်လည်း ထိတွေ့ပါဝင်ခဲ့သည်။

မေး။ ကာကွယ်ဆေးများက မည်သည်အထိ စိတ်ချရပါသလဲ။

ဩစတြေးလျတွင် ကာကွယ်ဆေးများသည် အလွန် စိတ်ချရပါသည်။ ၎င်းတို့သည် ကုထုံးသုံးပစ္စည်းများစီမံခန့်ခွဲရေးအဖွဲ့ (TGA)မှ ခွင့်ပြုချက်မပေးမီ တိကျကြပ်မတ်သော အန္တရာယ်ကင်းကြောင်းစစ်ဆေးမှုများကို အောင်မြင်ရပါမည်။ TGA သည် အသုံးပြုပြီး နောက်လည်း ကာကွယ်ဆေးအန္တရာယ်ကင်းမှုကို စောင့်ကြည့်ပါသည်။

မေး။ ပိုလီယိုကာကွယ်ဆေး၏ ဆိုးကျိုးများက မည်သည်တို့ ဖြစ်ပါသလဲ။

ဆိုးကျိုးများသည် အများအားဖြင့် မပြင်းထန်ဘဲ၊ အောက်ပါတို့ ပါဝင်နိုင်သည်-

- **ထိုးခံရသည့်နေရာတွင် နာကျင်ခြင်း၊ နီရဲခြင်း သို့မဟုတ် ရောင်ရမ်းခြင်း။**
- **အဖျားရှိခြင်း။**

ပြင်းပြင်းထန်ထန် ဆိုးကျိုးများသည် အလွန်ရှားပါသည်။

ပိုမိုသိရှိလိုပါက၊ သုံးစွဲသူ ဆေးပစ္စည်းများ ထုတ်ဝေချက် (CMI) တွင် ကြည့်ရှုပါ health.nsw.gov.au/schoolvaccination။ ဆိုးကျိုးအတွက် စိုးရိမ်နေပါက သင့်ဆရာဝန်ထံ ဆက်သွယ်ပါ။